# Highlights from DVB Debate's Education Rank Show

## October 28, 2017

## "How to measure Education Quality?"

"ဝန်ကြီးဌာနကနေ ဖတ်စာအုပ်ထုတ်တာဟာ အဆင်မပြေဘူး။ သူ့ဒေသ သူ့ပြည်နယ် သူ့လူမျိုးအလိုက် ငြိမ်းချမ်းရေး ရေးရှုတဲ့ သင်ရိုးတည်ဆောက်ခွင့် ပေးရပါမယ်။"

ဦးသိန်းနိုင် - တိုင်းရင်းသား ပညာရေးကဏ္ဍဆိုင်ရာ ပညာရေးအတိုင်ပင်ခံ

---

"သူငယ်တန်းမှာ ကလေး အယောက် ၁၀၀ စနေရင် တက္ကသိုလ်ရောက်တာ ၁၀ ယောက်လောက်ပဲရှိပြီး ၆ ယောက်လောက်ပဲ ဘွဲ့ရတယ်ပေါ့။ ဒါဟာ ကျောင်းထွက်နှုန်း အရမ်းများတယ်လို့ ပြောလို့ရပါတယ်။"

ဒေါက်တာ ခိုင်မြဲ – ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့် တသက်တာပညာရေး ဦးစီးဌာန (ပညာရေး ဝန်ကြီး ဌာန)၊ အတွင်းရေးမှူး (အမျိုးသား ပညာရေး မူဝါဒ ကော်မရှင်)

---

"မြန်မာ့ပညာရေး ကိစ္စပြောမယ်ဆိုရင် အသက်ရှင်နေတဲ့ မျိုးဆက်တိုင်းက ပညာရေး အရည်အသွေး မပြည့်မီကို ခေတ်အဆက်ဆက် ခံခဲ့ရတယ်။"

ဦးသိန်းနိုင် - တိုင်းရင်းသား ပညာရေးကဏ္ဍဆိုင်ရာ ပညာရေးအတိုင်ပင်ခံ

---

"ပထမတန်း သမိုင်း သင်ခန်းစာမှာတောင် တုတ်တဝင့်ဝင့် ဓားတဝင့်ဝင့်တွေ တွေ့ရှိရတယ်။ လူမှုအနိဌာရုံဟာ သင်ရိုးမှာ ဖုံးလွှမ်းခဲ့လို့။ ညီညွတ်တဲ့ မတူကွဲပြားမှုကို လက်ခံတဲ့ အဖွဲ့အစည်းဖြစ်ဖို့ သင်ရိုးကနေပဲ မောင်းနှင်ရမှာဖြစ်တယ်။"

ဦးသိန်းနိုင် - တိုင်းရင်းသား ပညာရေးကဏ္ဍဆိုင်ရာ ပညာရေး အတိုင်ပင်ခံ

"ပြည်ထောင်စုစိတ်ဓာတ်ကလည်း ကလေးငယ်ကတည်းက သွင်းဖို့ကလည်း အရေးကြီးတာကိုး။ နောက်ပိုင်းကျတော့လည်း တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ စံနမူနာယူရမယ့်သူတွေအကြောင်း ပါလာမှာပေါ့။"

ဒေါက်တာ ခိုင်မြဲ - ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့် တသက်တာပညာရေး ဦးစီးဌာန၊ အတွင်းရေးမှူး (အမျိုးသား ပညာရေး မူဝါဒ ကော်မရှင်)

"ပြည်ထောင်စုစိတ်ဓာတ်ကို သွတ်သွင်းမယ်ဆိုပေမယ့် ကလေးသူငယ်တွေရဲ့ လွတ်လပ်စွာ တွေးခေါ်ခွင့်ကို ပိတ်ပင်သလိုဖြစ်ပါတယ်။"

ကိုအောင်ကျော်ထက် - ပရိသတ်

-------

"ကလေးအားလုံးဟာ အရည်အသွေး ရှိတဲ့ ပညာရေးကို ခံယူဖို့က သူ့အခွင့်အရေး ဖြစ်တယ်။ ပညာရေးလို့ ပြောရင် မူလတန်းက စ တွေးနေကြတယ်။ အမှန်က အရေးကြီးတာက early childhood ပါ။"

ဒေါ်အေးအေးရီ - ပညာရေးကျွမ်းကျင်သူ၊ ကုလသမဂ္ဂကလေးများ ဆိုင်ရာ ရန်ပုံငွေ အဖွဲ့

---

"အရပ်ဖက်လူ့အဖွဲ့အစည်း၊ တိုင်းရင်းသား အဖွဲ့တွေမှာက လုပ်ပိုင်ခွင့်မဲ့နေတယ်၊ hopeless ပေါ့။ ပညာရေး ဝန်ကြီးဌာနအနေနဲ့ ကိုယ်ထူကိုယ်ထ အဖွဲ့တွေကို လုပ်ပိုင်ခွင့် အများကြီးပေးဖို့ လိုတယ်။ ဝန်ကြီးဌာနက ဒီအချက်တွေကို စဉ်းစားသင့်တယ်။ အိမ်စာ ကျေ ဖို့လိုတယ်။"

ဦးသိန်းနိုင် - တိုင်းရင်းသား ပညာရေးကဏ္ဍဆိုင်ရာ ပညာရေးအတိုင်ပင်ခံ

"အခြေခံပညာရေး ဥပဒေ၊ အဆင့်မြင့်ပညာရေး ဥပဒေ၊ ပုဂ္ဂလိကကျောင်းပညာရေး ဥပဒေတွေ ဒီဥပဒေတွေ ပေါ်ပေါက်လာပြီးရင် ပညာရေးလွတ်လပ်ခွင့်တွေဟာ ပိုရလာပါမယ်။"

ဒေါက်တာ ခိုင်မြဲ - ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့် တသက်တာ ပညာရေး ဦးစီးဌာန (ပညာရေးဝန်ကြီးဌာန)

---